# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး ထုတ်ပြန်ကြေငြာချက်

********

ရက်စွဲ ။ ။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂) ရက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့ မှ ဇူလိုင်လ (၂) ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် လူမျိုးအလိုက် ၊ ဒေသအလိုက် နှင့် အကြောင်းအရာ အလိုက်ပြုလုပ်ခဲ့သော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ လုပ်ငန်းကော်မတီအစည်းအဝေးများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ရာစု ပင်လုံ ဒုတိယအစည်းဝေးများ၏ အခင်းအကျင်း၊ စိန်ခေါ်မှုများ အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံး၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်ခဲ့ပါသည်။

ထိုသို့သုံးသပ်ရာတွင် တိုင်းရင်းသားလူမျိုးများ၏ အဓိက ရည်မှန်းချက်များဖြစ်သည့် ဖက်ဒရယ်စနစ်၏ လက္ခဏာရပ်များဖြစ်သော ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ အခန်းကဏ္ဍ၊ ပြည်ထောင်စု နှင့် ပြည်နယ်များအကြား အာဏာခွဲဝေပိုင်းခြားထားရှိမှု၊ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ပူးတွဲအကောင်အထည်ဖော်ခြင်းစသည့် အရေးကြီးသော အချက်အလက်များကို ဆက်လက် ဆွေးနွေးရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် NCA ကိုအကောင်အထည်ဖော်ရာ၌ အစိုးရ၊ တပ်မတော် နှင့် NCA-S EAO များအကြား NCA အပေါ် နားလည်မှုနှင့် အဓိပ္ပါယ်ဖွင့်ဆိုမှု မတူညီကြောင်းကိုလည်း သုံးသပ်တွေ့ရှိခဲ့ကြပါသည်။ ထို့ကြောင့် NCA ဆိုင်ရာ အခြေခံမူ၊ ခံယူချက် သဘောထားများနှင့် ကတိပြုချက်များအား လိုက်နာခြင်း၊ အကောင်အထည်ဖော်ခြင်းအပေါ် သက်ရောက်မှုရှိခဲ့ပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုဆိုင်ရာ အခြေခံတို့နှင့် ပတ်သက်ပြီး အားနည်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် NCA အကောင်အထည်ဖော်မှုအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခုလုံး ပိုမိုထိရောက် အောင်မြင်ရေး နှင့် NCA-S EAO အဖွဲ့အစည်းများအတွင်း အမြင်သဘောထားရပ်တည်ချက်များ ပိုမိုခိုင်မာစေရေးတို့ကို ရည်ရွယ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ် ပြင်ဆင်သွားရန် သဘောတူညီခဲ့ကြပါသည်။

PPST သည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့ကို ရှေးရှု၍ NCA အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်မှတဆင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် သက်ဆိုင်သူများအကြား ညှိနှိုင်းဆွေးနွေးအဖြေရှာကာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလိုလားသည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည်။

ဆက်သွယ်ရန် -

၁။ ပူးဇင်ကျုံး (+ 66 628251003)

၂။ ရဲခေါင် သံခဲ (+ 66 861623582)

၃။ ပဒိုစောကွယ်ထူးဝင်း (+ 66 818076279)

#KNU HQ